# MSAN Translation Team

ခမ်းနားထည်ဝါ

# နတ်မကောင့်မိခဲ့ရ

# နှုတ်မစောင့်မိခဲ့၍

"ဒေါင် ... ဒေါင် ... ဒင်"

"မောင့် ... မျက်ရည်ဝိုင်း ... မောင့် ... မျက်ရည်ဝိုင်း ... တွေးမိလေတိုင်း ... ငိုချင်တယ် ... "

လူငယ်တစ်သိုက် တာထိပ်၌ ဂစ်တာတီးကာ သီချင်း ဆိုနေလေသည် ။ အားလုံးပေါင်း သူငယ်ချင်း ငါးယောက်။ အရမ်းချစ်ကြတဲ့ သူတွေ ... ညတိုင်းတာထိပ်မှာ ဂစ်တာတီးပြီး သီချင်း လာဆိုနေကျ။ သူတို့ကတော့ ဗိုက်ကြီး၊ မင်းမင်း၊ ထွန်းဦး၊ ဘသော်၊ အေးဟန်တို့ ပဲ ဖြစ်ကြတယ်။

တာက ရွာထိပ်မှာ ရှိပြီး လူနေအိမ်တွေနဲ့ နဲနဲလှမ်းတော့ အေးအေးဆေးဆေးပဲ သီချင်းဆိုလို့ ရတယ်လေ။ ဘယ်သူမှ လည်း အနှောက်အယှက် မဖြစ်ဘူး။ အိပ်ချိန်လောက်ရောက်ရင် သူငယ်ချင်းတွေ လမ်းခွဲကြပြီး ကိုယ်စီ အိမ်ပြန် အိပ်ကြတယ်။

လယ်ထဲဝင်ချိန်ဆို ကိုယ်အလုပ် ကိုယ်လုပ်ကြပြီး သူငယ်ချင်းတွေ မဆုံဖြစ်ကြတော့ပေမဲ့ လယ်ပြီးလို့ အလုပ်တွေ သိမ်းတာနဲ့ သူငယ်ချင်းတွေအတူ တာထိပ်မှာ ညတိုင်း ဂစ်တာတီးပြီး သီချင်းလာဆို နေကြတာပဲ။

ဒီလိုနဲ့ နွေပေါက်လာလို့ စပါးသိမ်းချိန် ရောက်တော့ အားလုံး ကိုယ်

စီ လုပ်ငန်းထဲ ဝင်ကြပြီး သူချင်းတွေ မဆုံဖြစ်ကြတော့ဘူး။

အဲဒီမှာ ဗိုက်ကြီးက မောင်နှမ သုံးယောက် ရှိတယ်ဗျ။ မိဘတွေတော့ မရှိကြတော့ဘူး။ အစ်ကို အကြီးဆုံးက ကိုစန်းဖြစ်ပြီး၊ သူက အလတ်ဗျ။ အငယ်ဆုံးက မိန်းကလေး။ ကိုစန်းက ရွာထဲက လယ်ပိုင် တစ်ဦးရဲ့ သမီးနဲ့ အိမ်ထောင်ကျပြီး လယ်လုပ်ငန်းပဲ လုပ်ကိုင်နေတယ်။ အဲဒီမှာ သူညီ ဗိုက်ကြီးကို သူလယ်မှာ ဝိုင်းလုပ်ပေးဖို့ ခေါ်ထားတယ်။ သူက နည်းနည်း အဆင်ပြေတော့ မိဘ မရှိတော့တဲ့ ညီနဲ့ ညီမကို စောင့်ရှောက်တဲ့ သဘောနဲ့ ခေါ်ထားတာလည်း ဖြစ်တယ်။ လူငှားတော့ မဟုတ်ဘူး ပေါ့ဗျာ။ ဝိုင်းလုပ် ဝိုင်းစား၊ အဝတ်အစားတွေဆင် စားစရိတ်တွေလည်း လောက်လောက် ငှ ပေးထားပါတယ်။

အဲဒီလို့ လယ်ထဲဆင်း လယ်သိမ်းတဲ့ အချိန်မို့ ကိုစန်းနဲ့ ဗိုက်ကြီးတို့ ညီအစ်ကို နှစ်ယောက်လည်း လိုအပ်မယ့် ပစ္စည်းတွေနဲ့ စားသောက်စရာတွေကို ယူဆောင်ပြီး လယ်ထဲက တဲမှာ ပဲ နေကြတယ်။ လယ်က ရွာနဲ့ နည်းနည်း လှမ်းတော့ ရွာထဲ ပြန်မလာတော့ပဲ လယ်ထဲမှာ ပဲ နေကြတာဗျ။ လယ်ထဲမှာ နေပြီး စပါးစောင့်သိမ်းရင်း လယ်လည်း တော်တော်လေး သိမ်းပြီး လာခဲ့တာပေါ့။

လယ်ထဲမှာ ပဲ ချက်ပြုတ် စားသောက်ပြီး အလုပ်လုပ်ရင်း စားသောက်စရာ ရိက္ခာတွေ နည်းလာတာပေါ့။ အဲဒီနဲ့ လယ်ပြီးဖို့ သိပ်မလိုတော့တဲ့ အချိန်မှာ ပဲ စားသောက်စရာ စရိတ်ကုန်ကာ နီးတော့ ကိုစန်းက သူ့ညီကို ပြောတယ်။

"ညီလေး လယ်ကလည်း မပြီးတတ်သေးဘူး ... တို့ စားသောက်စရာ တွေလည်း သိပ်မကျန်တော့ဘူး ငါရွာထဲတက်ပြီး စားသောက်စရာ ပစ္စည်းပစ္စယ နည်းနည်းလောက် ပြန်တက် ယူလိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုကြီး ပြန်ယူလေ လုပ်စရာရှိတာတွေ ကျွန်တော် လုပ်ထားပါ့မယ်"

"အေး ... ငါရွာထဲမှာ ခဏပဲ ကြာမှာ ပါ မင်းဟိုဘက် လယ်ထဲက ကောက်လှိုင်းတွေ သွားစည်းထားလိုက် ကိုကြီး ပြန်လာရင် တလင်းထဲ ထမ်းသွင်းကြမယ်"

"ဟုတ်ကဲ့ ကိုကြီး စိတ်ချပါ ကျွန်တော် သွားလုပ် ထားလိုက်မယ်"

"အေး ... အေး ... အဲဒါဆို ငါသွားမယ်"

ကိုစန်း တစ်ယောက် ရွာထပြန်တက် သွားပြီး ခဏနေတော့ ဗိုက်ကြီး တစ်ယောက် လယ်ကန့်ထဲ ဆင်းပြီး ကောက်လှိုင်းတွေ သွားစည်းလိုက်တယ်။ နေမြင့်ချိန် ရောက်လာတော့ ကောက်တွေ စည်းလို့ ကုန်ကာ နီး လာပြီ။ အဲဒါနဲ့ အပြန်ပြီးအောင် ဆိုပြီး မနားပဲ ကျန်တာလေးတွေ ဆက်စည်းတယ်။ အဲလို ကောက်လှိုင်းစည်းရင်း စည်းကြိုးကို မကြီး ကောက်လှိုင်းကို ခြေထောက်နဲ့ အသာလေး ထိုးလိုက်ချိန် ခြေထောက်ပူကနဲ့ ဖြစ်သွားပြီး တစ်စုံတစ်ခုက ကိုက်လိုက်သလို ခံစားလိုက်ရတာနဲ့ ကောက်လှိုင်းစည်းကို မကြည့်လိုက်တော့ ကောက်လှိုင်းအောက်မှာ မြွေတစ်ကောင်။ မြွေမှ မြွေဟောက် ပါးပျင်းကို ထောင်ထ လာတာပဲ ။ သူကို ကိုက်လိုက်တာ ဒီအကောင်ပေါ့။ မြွေဟောက် ကိုက်လိုက်တယ်ဆိုတဲ့ အသိကြောင့် ခေါင်းထဲလည်း မိုက်ကနဲ ဖြစ်သွားတယ်။ အနီးအနား မှာ လည်း အကူအညီ တောင်းစရာ ဘယ်သူမှ မတွေ့ဘူး။ အစ်ကိုလည်း ရွာထဲ သွားနေတာ ကြာဦးမှာ ။ မြွေဆိပ်ကလည်း ဒီအတိုင်းနေမှာ မဟုတ်ဘူး ။ တရိပ်ရိပ်တက်လာမှာ ။ သူဘာလုပ်ရမှန်း မသိတော့။ ခြေထောက်ကလည်း တစစ်စစ် နာ လာပြီ။ မထူးတော့ ရွာထဲပြန်တက်မှ ဖြစ်ပေတော့မည်။ ဆုံးဖြတ်ချက်နှင့်အတူ ရွာထဲသို့သာ အမြန် ပြန်တ

က် လာခဲ့လိုက်သည် ။ လျှောက်ရင်း လျှောက်ရင်း ခေါင်းထဲလည်း တရိပ်ရိပ် မူးလာသည် ။

ရွာနှင့် လယ်ကလည်း အနည်းငယ် လှမ်းတော့ အနည်းငယ် ကြာသွားသည် ။

ကိုစန်း အိမ်ကိုရောက်တော့ သူခေါင်းထူ၍ မရချင်တော့။ အစ်ကိုဖြစ်သူအား ခြံရှေ့မှ လှမ်းခေါ် လိုက်သည် ။